

နိုးလပြည့်
စာပေ
ပါဝင်သော
ရသစုံမှတ်စု
ပန်းတွေပွင့်တဲ့တိမ်



သူ့အမည်သည် ဓာရာပွကြီး..သူ့အသက်
က နှစ်ဆယ့်..ငါးနှစ်ပြည့်ပြီးခဲ့ပြီ.. သူ့မှာ
အိမ် ထောင်ရှိသည်..ပြီးတော့ သားသား
လားမီးမီးလား အသေအချာမသိ သေး
သော ရင်သွေး လေးရှိသည်..
ငါးနှစ်ကျော်မျှ ကွဲကွာနေခဲ့သောမိသားစုထံ
သူပြန်ရမည်.. ဒါတွေအားလုံးကို နယ်စပ်
ဆေးရုံလေး၏ ခုတင်လေးပေါ်မှာသူနှစ်ရက်
တာမျှ သတိလစ်နေပြီးမှ ပြန်လည် အမှတ်
ရ လာခြင်း ဖြစ်သည်..
သူစီးလာသော ခရီးသည်တင်ပိုက်ဝေးကားကြီး မတော်
တဆတိမ်းမှောက်မီးလောင် တော့ ကံကောင်းထောက်
မစွာ အသက်ရှင်ကျန်ရစ်သူ တစ်ချို့မှာ သူပါဝင်ခဲ့၏..


ဆိုးဝါးလှသော ထို
အဖြစ်အပျက်မှာ
အသက်သေသည့်
သူတွေ ဆယ့်နှစ်ဦး
တောင်ရှိသည် ဟု သူသိ
ခဲ့ရသည်.. တစ်ချို့ဆိုလျှင်
ရုပ်ပျက်ဆင်းပျက်..မီး
လောင်သေဆုံးကြသည်တဲ့..
သူကတော့ ပွန်းပဲ့ဒဏ်ရာ
တစ်ချို့နှင့်ဦးခေါင်းကို ထိခိုက်
မိသော ဒဏ်ရာတစ်ချက်သာ
ရခဲ့၏..
သူ့ခေါင်းမှ ဒဏ်ရာအတွက် ပထမတော့
ဆရာဝန်ကြီးတွေ စိုးရိမ်ခဲ့ကြသေး၏..
အာရုံကြော ကိုထိခိုက်ကာ သူ့မှတ်ဉာဏ်တွေ
ချွတ်ယွင်းသွားမှာ စိုးခဲ့ကြ၏..
သူလည်း သတိရကာစကဘာကိုမှမမှတ်မိခဲ့..နောက်
မှ ပြန်အမှတ်ရလာသည်က သူ့နာမည် သူ့အဖြစ်
အပျက်တစ်ချို့နှင့် သူ့ရည်ရွယ်ချက်များဖြစ်သည်..


ထိမျှသာသူ ရှင်းပြနိုင်ခဲ့သည်.. သူ့ခေါင်းက ဒဏ်ရာ ကြောင့်ထင်၏.. ကျန်သော အရာတွေ ကို ရှေးစွာ မမှတ်မိပါ.. ဆိုးသည်က သူ့ဇနီးအမည်ကို မမှတ်မိခြင်း ဖြစ်၏. ဒါပေမဲ့ ဆရာဝန်ကြီးတွေ ကျေနပ်အောင်တော့ သူရှင်းပြနိုင်ခဲ့သည်..
ကျွန်တော့်နာမည် ဟာရုမ့်ကြီးပါ.. အညာ ဘက်က ရေနံ့သာရွာလေး ကို ပြန်ရင်း အခုလို ဖြစ်ပျက်ခဲ့တာပါ..
ကျွန်တော့်ဘဝက တစ်ကောင် ကြွက်ပါ.. ရန်ကုန်မှာနေပါတယ်. ကျွန်တော့်ဇနီးက ရန်ကုန်က သူ့ဒေါ်လေးအိမ်မှာလာနေရင်း တက္ကသိုလ်တက်ပါတယ်..
ကျွန်တော်ဖားကန့် ဘက်မှာ အလုပ်လုပ်ပြီး အခုမိန်းမနဲ့ ကလေးဆီ ပြန်မှာပါ..
ကျွန်တော်နဲ့ဆုံတွေ့ ချစ်ကြိုက်တော့ သူ့အဒေါ် က မကြည်ဖြူပါဘူး..


ရေနံ့သာရွာက သူ့မိဘ
တွေအိမ် ပြန်ပို့မယ်စီစဉ်တော့
ကျွန်တော်တို့ ခိုးပြေးခဲ့ကြပါ
တယ်.. ဒီသတင်းကို ကြားတော့
သူ့မိဘတွေက ဆွေခန်းမျိုးခန်း
ဖြတ်ပစ်ခဲ့ကြပါတယ်..
ဖျောင်း
ကျွန်တော်တို့
ဘဝတွေကို ရုန်းကန်ရင်းနဲ့
နှစ်ယောက်တည်းနေခဲ့ကြတဲ့
ဘဝက သိပ်အဆင် မပြေဘူး
ကျွန်တော့်ရှီး ကိုယ်ဝန်ရှိလာတော့
ကျွန်တော်ဖားကန့် မှော်ထဲက
ပြန်လာတဲ့ သူငယ်ချင်း
တစ်ယောက်နဲ့ လိုက်သွားဖို့
စီစဉ်ဖြစ်ပါတယ်..
ကျွန်တော့် ရှီးကတော့
ကျွန်တော် ပြန်လာချိန်ကို
သူ့မိဘတွေရှိတဲ့ ရေနံ့သာ
ရွာလေးကပဲ ကလေးမီးဖွားရင်း..
ပြန်စောင့်မယ်လို့ ပြောသွားခဲ့ပါတယ်..
အခု ကျွန်တော်အခု ကျွန်တော့်
ကလေးလေးဆိုရင် လေးနှစ်
ကျော်လောက် ရှိလောက်
ပါပြီ..



သူပြောသည့် စကားတွေကို နား ထောင်ပြီး ဆရာကြီး ခေါင်းညိတ် သည်..
အင်း..မောင်ရင် ဒီလောက်မှတ်မိတာ ကျေနပ်ဝမ်းသာစရာပါ.. ဒါပေမယ့် ခေါင်းမှာထိခိုက် မောင်ရင့်ဒဏ်ရာက
အာရုံကြောကို ထိခိုက်ထားတော့ နည်းနည်းအချိန်ယူ ကုသဖို့လိုတယ်..
ကျွန်တော် သဘောပေါက်ပါ တယ်.. ဒါပေမယ့် ကျွန်တော် ရွာကို ပြန်မှဖြစ်မယ်.. ကျွန် တော့် မိသားစုနဲ့ ကျွန်တော် တွေ့ချင်လှပြီး ဒေါက်တာ..
မောင်ရင့် ဆန္ဒကို ဆရာနားလည်ပါတယ်.. ဒါပေမဲ့ မောင်ရင့်ရွာ နာ မည်ကို မောင်ရင်မ ပြောနိုင်သေးတာ ခက်တယ်ကွယ်..
ကျွန်တော် ရုတ်တရက်မို့ မမှတ် မိနိုင်ဖြစ်နေတာပါ.. ဒေါက်တာ အခုမှတ်မိပါပြီ ကျွန်တော့်ရွာနာမည်က ပန်းသဒ္ဒါပါ..
သူ့စကားကြောင့် ဆရာဝန်ကြီး မျက်မှောက်ကျုံ့ကာ သံသယ မျက်ဝန်းတွေနှင့် ကြည့်လာ သည်..


တကယ်ပါ ဒေါက်တာ..ကျွန်တော် အားလုံးမှတ်မိနေပါပြီ..
အင်း..ဒီလိုလုပ် မောင်ရင်ဆေးရုံမှာတစ် ရက် နှစ်ရက်လောက်တော့ ဆက်ပြီး နေလိုက်ပါဦး.. ပြီးမှ ဆင်းပေါ့ကွယ်..
သူစိတ်ညစ်သွားမိသည်..ခေါင်းက ဒဏ်ရာမ သက်သာသေးပေမယ့် ဆေးရုံမှာ သူဆက်မ နေချင်ပါ..
သူနာပြုဆရာမလေး လာသတင်းပို့ချက်ကြောင့်.. ဆရာဝန်ကြီး ကသောကမျောလိုက်သွားခဲ့သည်.. သူကတော့ ဆုံးဖြတ်ပြီး ဖြစ်သည်..သည်နေရာမှာ တစ်မိနစ်တောင် ဆက်မနေချင်တော့ပါ..
ဒေါက်တာ.. မီးလောင်သေဆုံးသူ တွေရဲ့ ဆွေမျိုးမိတ်ဆွေတွေ ရောက်နေတယ်ရှင့်..


နောက်တစ်နာရီအကြာမှာ သူ့ဆေးရုံအပြင်ဘက်ကို
ရောက်နေခဲ့ပြီဖြစ်သည်.. သူ့ခုတင် ဘေးက ခရီးဆောင်
ကျောပိုးအိတ်ကို ယူကာ အဝေးပြေးကားဂိတ်ကို မေးမြန်း
ပြီး သူ ရောက်ခဲ့သည်..
သူ့စိတ်ထဲမှာ အကောင်းတဆုံး
ဆန္ဒက ရေနံ့သာရွာကလေးက
သူ့ဇနီးသည်ထံ ပြန်ချင် သည်...
130
အထက်အညာဘက်ဆီ ဦးတည်
မောင်းနှင်နေသော ကားကြီးပေါ်မှာ
သူ့အတွေးတွေ ဖြန့် ကျက်ရင်း
လိုက်ခဲ့မိသည်.. မီးနှစ်မီးပါးဝေးကွာ
နေသော ဇနီးသည်မျက်နှာကို ပုံဖော်
ကြည့် မိ၏..


ဆရာဝန်ကြီးကို သူညာပြောခဲ့သော ပန်းသီး ဆိုသည့် အမည်က သူ့နှုတ်က လွှတ်ခနဲ ထွက်သွားခဲ့မိခြင်းသာဖြစ်သည် မမှတ်မိသေးသော အကြောင်းတွေကို ခေါင်းကိုက်ခဲ့ပြီး မစဉ်းစားချင်ပါ..ခေါင်းက ဝေဒနာကြောင့်သာ သူမမှတ်မိခြင်းဟု ယုံသည်..
ဦးခေါင်းခိုက်ရာက တဆစ်ဆစ်ကိုက်ခဲလာခြင်းသာ အဖတ်တင်သည်..သူ့ဇနီးသည်မျက်နှာကို သူပုံဖော်လို့မရပါ.. ဆိုးလွန်းတာက ဇနီးသည် နာမည်ကိုတောင် ဦးနှောက်က မမှတ်မိတာဖြစ်သည်..
သူ့အကြောင်းသူ အဖြစ်အပျက်တွေကို မှတ်မိနေခြင်းကပင် ကံကောင်းလှပြီ.. အရေးကြီးတာ ဇနီးရှေ့မှောက်ကို ရောက်ဖို့ဖြစ်သည်.. ပြီးတော့ သူ့ရင်သွေးလေး..


ကားဂိတ်က ဆင်းတော့ သူ သွားမည့်
ရေနံ့သာရွာလေးကို စုံစမ်းကြည့်သည်..
ဟောဟိုမှာ ရပ်ထားတဲ့
ထော်လာဂျီတွေနဲ့ ဆက်သွား
ရင်တော့ ခင်မျှားမေးတဲ့
ရွာကို ရောက်ပြီဗျ..
ထိုပုဂ္ဂိုလ်ညွှန်ပြသော နေရာဆီ သူရောက်
တော့ ဆံပင်ထောင်ထောင် မျက်နှာပြည့်ပြည့်
နှင့် လူကနစ်လိုဖွယ်ပုံးပြရင်း..
လမ်းကြုံ
လိုက်မလို့လား
မိတ်ဆွေ..
ရေနံ့သာရွာကို
လိုက်ချင်လို့ဗျ..
ခင်မျှားကံကောင်း
သွားပြီ..ကျုပ်လည်း
ရေနံ့သာရွာကို ပြန်မယ့်
လူဗျ.. နေဦး..ခင်မျှား
ရေနံ့သာရွာသားတော့
မဟုတ်ပါဘူးနော်


မဟုတ်ပါဘူးဗျာ တစ်ခါမှတောင် မရောက်ဖူးပါဘူးဗျာ..
ဟာ..ဒီတစ်ခါတော့ ကျုပ်ကံကောင်းသွားပြီဗျ.. ခင်မျိုးက ရေနံ့သာရွာသား မဟုတ်ဘူး ဆိုတော့ လမ်းကြုံလိုက်ခဲ့ ခြောက်ရာကျမယ်..
ဟာဗျာ.. များလှချည်လား..
ရေနံ့သာရွာက ဒီကနေ သုံးမိုင်ဝေးတယ် ခင်မျိုး ခြေထောက်တွေကို မသနားရင် ကြွက်သားတောင့် အောင်လျှောက်ပေါ့ဗျာ.. တစ်မိုင်ကို နှစ်ရာနှုန်းနဲ့ သုံးမိုင်ခရီး အတွက်..
ခြောက်ရာကျမယ်..
နည်းနည်းတော့ လျှော့ပါဗျာ ကိုယ်ရွာလာတဲ့ ဧည့်သည်ပဲ..
ကျုပ်က သနား တတ်တယ်ဗျ.. ခင်မျိုး ခြေထောက်တွေကို သနားလို့ ခြောက်ရာနဲ့ လိုက်ပို့ပေးတာ.. လိုက်ချင်တက်မလိုက်ချင် လျှောက်ပေရော့


သုံးမိုက်မျှဝေးသော ခရီးကို သုလျှောက် နိုင်စွမ်းမရှိတော့.. ထော်လာဂျီပေါ် တက်ထိုင် လိုက် ရသည်..
မောင်းတော့မယ် ကိုယ့်လူ လမ်းကကြမ်း တယ်နော်.. အသေအချာ ကိုင်ထား..
ကျေးဇူးပါဗျာ.. တစ်ခုလောက်မေးပါ ရစေ.. အဲ့ဒီရွာက ကျုပ်မိန်းမကို ခင်ဗျား သိမလား မသိ ဘူးလား..
ခင်ဗျားမိန်းမ ဟုတ်လား.. ရေနံ့သာ ရွာ သူဆိုရင် မသိစရာ အကြောင်း မရှိဘူး.. ကျုပ်နာမည် မိုးလုံး ရေနံ့သာရွာသားစစ်စစ်ဗျ.. ခင်ဗျားမိန်းမနာမည်ပြော..
နာမည်..အဲ.. နာမည်ကို ကျုပ်ကမေ့နေ လို့ဗျ..
ဗုဒ္ဓေါ ခင်ဗျားက လာနောက်မ နေနဲ့နော်..



မနောက်ပါဘူးမျာ ကျုန်တော်က ခေါင်းမှာ ထိခိုက်ထားလို့ တချို့ကိစ္စတွေကို မမှတ်မိဘူး ဖြစ်နေလို့ပါ ကူညီပါမျာ..
မိုးလုံးဆိုသော ရွာသားကို ရှင်းပြတောင်းပန်ကာ သူမှတ်မိသမျှ အခြေအနေတွေကို ပြောပြ မေးမြန်းကြည့်တော့..
လွန်ခဲ့တဲ့ပါးနှစ်လောက်က ကျုပ်တို့ရွာကို ခင်ဗျားမိန်းမ ပြန်လာတာ ဆိုတော့..နေဦး ခင်ဗျား ပြောတာ ငြိမ်းမြမြ များလား..
ငြိမ်းမြမြ.. ငြိမ်းမြမြ..
သူ့နှုတ်က တီးတိုးရေရွတ်ကြည့်မိ၏.. သည်နာမည်ကို သူရင်းနှီးကျွမ်းဝင်နေတာတော့ သေချာ၏..
ခင်ဗျားပြောတာ ငြိမ်းမြမြပဲ ဖြစ်ရမယ်.. ကျုပ်တို့ရွာကို မြို့မှာကျောင်း သွားတက်ပြီး အိမ်ထောင်ကျသွားတာ ငြိမ်းမြမြပဲရှိတယ်..


ငြိမ်းမြမြဓိဘတွေက ဆွေခန်းဖြတ်ပစ်လိုက်ပေမဲ့ သူပြန်ရောက်လာတော့ ကိုယ်ဝန်ကြီးနဲ့သူ့ယောကျ်ားက အလုပ်လုပ်ကျွန်ရစ်ခဲ့တယ်ဆိုလား..
သေချာတာပေါ့. ကိုမိုးလုံးရယ် အခု ကျွန်တော်သူ့ဆီ ပြန်လာတာပေါ့ ဒြီးတော့ ကျွန်တော့် ရင်သွေးလေး
ခင်မျှား တော်တော်ရက်စက်ယုတ်မာတဲ့ သူပဲ ဒီလောက်အကြာကြီး ပစ်ထားပြီး မှ အခု ဘာလာလုပ်တာလဲ..ငြိမ်းမြဆိုတာ ကျုပ်တို့နဲ့ ငယ်သူငယ်ချင်းတွေမျှ..တောက်..
ကျွန်တော် ဖားကန့် မှော်ထဲမှာမိသားစုအတွက် စီးပွားရှာရင်း ဒုက္ခတွေရောက်နေခဲ့တယ်ဗျာ..
ကျွန်တော် ဇနီးနဲ့ မိသားစုကို ဥပေက္ခာပြုထားခဲ့တာ မဟုတ်ပါဘူးဗျာ..

သူတောင်းပန်ရင်း ရင်ဆိုင်ခဲ့ရသော ဒုက္ခတွေကို ပြောပြတော့ မိုးလုံး ဒေါသတွေ ပြေလျော့ သွားခဲ့သည်..









သူ့ရင်ထဲမှာ ပူလောင်လျှက် ကြေကွဲစိတ်က ရင်ထဲ လှိုက်တက်လာသည်.. သူဥပေက္ခာပြု ထားခဲ့သော ဇနီးက ဆုံးပါးရှာပြီတဲ့..




ကျွန်တော့်ခယ်မ စိမ်းမြမြ ဟုတ်လား..
ခင်ဗျားမသိဘူးလား.. အင်းလေ ငြိမ်းမြ ခင်ဗျားနဲ့ ယူသွားကတည်းက အားလုံးက စွန့်ပစ် လိုက်တော့ ခင်ဗျားသိမှာမဟုတ်ဘူး..
စိမ်းမြကတော့ သူ့အစ်မ အတွက်နဲ့ ခင်ဗျားကို အတော် နာကျည်းနေတယ်..
ကျွန်တော့်မိသားစုကို ကျွန်တော် ဥပေက္ခာ ပြုခဲ့တာ မဟုတ်ပါဘူးဗျာ.. မွေးလာမယ့် ကလေးနဲ့ဇနီးအတွက် ပြည့်စုံချမ်းသာချင်လို့ စွန့်စားထွက်ခဲ့တာပါဗျာ..
အင်း ခင်ဗျားကို ကျုပ်နားလည်နိုင် ပေမယ့် စိမ်းမြကတော့ ခွင့်လွှတ်နိုင်မယ် မထင်ဘူး..
မိုးလုံးစကားကို သူနားလည်ပါသည်.. ငြိမ်းမြရဲ့ညီမခွင့်လွှတ်နိုင်တဲ့ အထိ သူတောင်းပန်ရတော့မည်..



မျက်ရည်စတွေ ကြားက ခါးခါးသီးသီး ဆိုလာသော စိမ်းမြ
စကားကြောင့် ရှာလူကြီးတွေ လည်း ဘာမှ မပြောနိုင်ခဲ့ပါ..
ဟင့်အင်း.. ကျွန်မ ဘယ်တော့မှ ခွင့်မလွှတ်နိုင်ဘူး..
ရှင်ဥပေက္ခာပြုလို့ ကျွန်မ အစ်မ ဒုက္ခတွေရောက်ခဲ့တယ်.. အဖေနဲ့ အမေခမျာလည်း အစ်မ စိတ်နဲ့ပဲ ရှေ့ဆင့်နောက်ဆင့် ကိမ်းပါး ခဲ့တယ်..
ကျွန်တော် ဇနီးနဲ့သားဆီ လာတာပါ စိမ်းမြမြရယ်..
အခုမှ ရှင် ဘာလာလုပ်တာ လဲ ပြောစမ်းပါ..
ဘာ..ဇနီးနဲ့သား ဟုတ်လား.. မမလောကကြီး ထဲမှာ မရှိတော့ဘူးကျွန်ရစ်ခဲ့တဲ့ သားလေးနဲ့လည်း ရှင်ဘာမှ မသက်ဆိုင်ဘူး..
စိမ်းမြမြစကားတွေက ယတိပြတ်ပြတ်သား လွန်းသည်..


သူ့ဘက်ကလည်း ရှိုးကိုပါ ဆုံးပါး
စိန်ရှုံးခဲ့ရပြီ..သားကိုတော့ သူမစွန့်
ရှုံနိုင်တော့ပါ။
ဦးလေးတို့
စဉ်းစားကြည့်ပါ..
ကျွန်တော်သားကိုတော့
ကျွန်တော် မစွန့်
ပါရစေနဲ့..
အေးလေး
မောင်တာရာပြောကြီး
ပြောတာလည်း
မှန်တာပဲ..
ဆရာလှကြီး ဦးမြင့်ဝင်းခေါင်းညိတ်တော့ စိမ်းမြမြက
လည်း ချက်ချင်းတုံ့ပြန်၏..
ဦးလေး..ဒီလို
မပြောပါနဲ့..သားကိုစိမ်းမြ
က ဒီအရွယ်အထိ စောင့်
ရှောက် လာခဲ့ရတာပါ.. သူက
အခုမှ လာတောင်းတာ
ကျွန်မမပေးနိုင်ဘူး..
အေးလေ..
ဒါလည်း
ဟုတ်တာပဲ..
ဦးလေးရယ်
ကျွန်တော့်ဘက်ကလည်း
ခံစားကြည့်ပါဦး..



ဇနီးလည်းဆုံး သားကိုပါ စွန့်ရမယ်. ဆိုရင် ကျွန်တော် ရင်ကွဲပြီပေါ့..
အင်း မင်းကိုယ်စား ပါခံစားရတယ်ကွာ.. အီး..ရှုတ်..
ဟင်..ဦးလေး ဘာမှ မျက်ရည်ကျစရာအကြောင်း မရှိပါဘူး.. စိမ်းမြဘက်ကလည်း လှည့်ပြီး ခံစား ကြည့်ပါဦး.. ဖိုးသာဆိုတဲ့ တူကလေးကို ဒီအသက် ဒီအရွယ်ထိ စိမ်းမြအမေအရင်းလိုဂရုစိုက်ခဲ့ ရတာ တစ်ရွာလုံးအသိပါ..
ဒါလည်း မှန်တာပဲဟ
အိုတော်.. ရှင်ကလည်း ဘာပြော ပြော မှန်နေတာပဲ ရှင့်ကို ဆုံးဖြတ်ခိုင်းတာ တစ်ခုခု ဆုံးဖြတ်ပေးရမှာပေါ့..
နံဘေးထိုင် နား ထောင်နေသော ဦးမြင့်ဝင်းဇနီး မတိုးက ဝင် ပြောသည်..
အေးမင်း ပြောတာလည်း မှန်သားဟ..


ဒုက္ခပါပဲ ခင်ဗျားကလည်း အားလုံးမှန်နေတာ မဟုတ်သေးဘူးလေ.. အခုကျုပ်တို့တွေက ဒီကလေးနှစ်ယောက် ပြဿနာကို ရှင်းပေးကြရမှာ..
သိန်းရွှေကြည် ရ ဒီကိစ္စကြီးကို ဘယ်လိုဆုံးဖြတ်ရမှာလဲ..နှစ်ယောက်လုံးက မှန်နေတော့ ခက်တာပေါ့ကွ..
ကိုင်း..ကိုင်း..ဒီကိစ္စကို ကျုပ်တို့လူကြီးတွေ အချိန်ယူစဉ်းစားရမယ်..လတ်တလောကြီး ဆုံးဖြတ်ဖို့တော့ မဖြစ်သေးဘူး..
ရွာသူကြီးတွေ ခေါင်းစားကုန်သော ပြဿနာအတွက်သူ ရေနံ့သာ ရွာလေးမှာပဲ သောင် တင်ဖို့ အကြောင်းဖန်လာတော့သည်..
မိုးလုံးတို့ ညီအစ်ကိုက သူတို့အိမ်မှာလိုက် နေထိုင်ခွင့် ပေးတာမို့ အဆင်ပြေသည်..


ခင်မျိုးကိစ္စက တစ်ရွာလုံးစဉ်းစားရခက်နေပြီ ကိုလှကြီးရေ..ခင်မျိုး ဘက်က ကြည့်တော့လည်း အဖေရင်းဆိုတော့ ပိုင်ဆိုင်ချင်မှာပေါ့...
စိမ်းမြ ခမျာလည်း ဒီကလေးကို အမိဝမ်းထဲက ကျွတ်ကတည်းက စောင့်ရှောက်ကျွေးမွေးခဲ့ တာဆိုတော့လည်း သံယောဇဉ်ခိုင်မာနေပြီပေါ့ဗျာ..
ကျွန်တော်လည်း စိမ်းမြကို နားလည်ပါတယ်ဗျာ.. ဒါပေမဲ့ သူကတာဝန်မကျေတဲ့ ဖခင်တစ်ယောက်လို့ စွပ်စွဲပြီး တုံ့ပြန်နေတာတော့ ဝမ်းနည်းမိတယ်..
ကျွန်တော့်သားကို ကျွန်တော် တာဝန်အပြည့် အဝယူနိုင်ပါတယ်ဗျာ..


ရွာလူကြီးတွေဘက်က လည်း ခင်မျှားဘက်က လည်း ခင်မျှားတို့ ကိစ္စက ဖြေရှင်းရခက်နေတယ် ကိုပွကြီး…
ကျွန်တော် သိပါတယ် ဒါပေမဲ့ ကျွန်တော့် သားလေးကိုတော့ထဲ အဆုံးရှုံးမခံနိုင်ဘူး…
ပွကြီး ဘက်က ခံစားချက်ကိုလည်း သူတို့နားလည် သည်… စိမ်းမြ ဘက်က ကြည့်တော့ လည်း…
နင်တို့စဉ်းစားကြည့်လေ ငါးနှစ်နီးပါး လုံးလုံးပျောက် နေပြီးမှ ပြန်ရောက်လာပြီး ငိုတူလေးကို တောင်းတော့ ငါက ပေးနိုင်မလား…
သူက ဖခင် အရင်း အချာလေစိမ်းမြ ရဲ့…
ငါလည်း အဒေါ်အရင်း ပဲ ဘယ်လိုနည်းနဲ့မှ မ ပေးနိုင်ဘူး…


နင်တို့က တစ်ရွာတည်းသားဘက်က..မပါဘဲ ဒီလူဘက်က ဘာလို့ ပါနေရတာလဲ မှုပြင်း...
သူ့ရှင်းပြတော့လည်း ခွင့်လွှတ်နိုင်စရာ ကောင်းပါတယ်.. သူ့မိသားစုအတွက် ကြိုးစားရင်း သူ့မှာဒုက္ခတွေ ပင်လယ်ဝေခဲ့တာပါ..
တော်စမ်းပါ..သူ့ကိုပါ စိန်နာတယ်.. ဒီရွာက မြန်မြန်ထွက်သွားလေ ကောင်းလေပဲ..
သူ့သား မပါဘဲ သူသွားမလားဟ တော်ကြာ တရားရုံးက ရင်ဆိုင်တောင်း ဖခင်ရင်းက ပိုပြီး သာတယ်နော် စိမ်းမြ ..နင့်က အပေါ်တစ်ယောက်ပဲ တော်စင်တာ..
မှုပြင်း စကားကြောင့် စိမ်းမြ တွန့်ခန့်ဖြစ်သွား၏.. ဘေးနားမှာရှိနေသော တူလေး ဖိုးသား ကို ရင်ခွင်ထဲ ဆွဲသွင်းပွေ့ထားရင်း...
ဟင့်အင်း.. ငါ တူလေးကို ပါမခွဲနိုင်ဘူး..


ဒါဆို နင့်ဘက်က တစ် ထစ်တော့လျှော့သင့်တယ်.. ဖခင်ဖြစ်သူလည်း ဖခင်ရင်း ဆိုတော့ သူ့ သားကို မြင် တွေ့ချင်တာပေါ့..
နင်အဲဒီလို လုပ်လို့တော့မရဘူး.. ကိုပွကြီးကလည်း ငါတို့ပြောပြ လို့ နင့်ကိုနားလည်းရှာပါတယ်.. နင်တို့ အချင်းချင်းနားလည် ညှိနှိုင်းသင့်တယ်..
ငါက ဘာကို ညှိနှိုင်း ရမှာလဲ..
ဟင်..မဖြစ်နိုင်ဘူး... သားနဲ့ တွေ့ခွင့်မပြု နိုင်ဘူး...
ကိုပွကြီး ကလည်း တစ်ကောင်ကြွက်ပဲဟ..သူဒီရွာ မှာ ဆက်နေဖြစ်ရင် ကလေးကို နင်တို့ တစ်လှည့်စီ စောင့် ရှောက်ခွင့်ရနိုင်တာပေါ့..

မျှပြင်း နဲ့ မိုးလုံး တို့
စကားတွေ နားထောင်
ရင်း စိမ်းမြ ခေါင်းညိတ်
လက်ခံရတော့သည်..
ဗိုးသား လေးကို စိမ်းမြ
မခွဲနိုင်ပါ တူဆိုပေမယ့်
စိမ်းမြ သားရင်းချာလို
စောင့်ရှောက်ကျွေးမွေး
ခဲ့ရတာ.. တွေးကြည့်ရင်
ရင်ထဲမှာ နာကျည်းစရာ
တွေက အပြည့်..



အဖေက တောသူတောင်သားပေမယ့်
သမီးနှစ်ယောက်ကို ပညာတတ်စေချင်သည်..
စိမ်းမြ ထက်နှစ်နှစ်ကျော်ကြီးသော မမကို
ဆယ်တန်းအောင်တော့ ရန်ကုန်က
ပေါ်လေးအိမ်ပို့ကာ တက္ကသိုလ်တက်စေခဲ့၏..



ဒါပေမယ့် ပညာရေးဆုံးခန်းမတိုင်ခင်မှာဘဲ မစိမ်းမြ
ချစ်သူရည်းစားထားနေသည့် သ တင်းက အဖေ့ဆီ
ရောက်လာ၏..




အဖေစိတ်ဆိုးဒေါသဖြစ်ကာ မမကို ရှုပြန်ခေါ်တော့ မမက မိသားစုကို စွန့်ခွာသွားခဲ့သည်။
ဒီလောက်ထိ မိုက် တဲ့သမီး ငါ့သမီး မဟုတ် ဘူး.. ရွာခေါ် အော် ဘုကို သွားခေါ်စမ်း မိန်းမ.
ဒေါသကြီးသော အဖေက အစ်မကို သမီး အဖြစ်က စွန့်လွှတ်ကြောင်းရွာထဲမှာ မောင်းခတ် ပြီး ဆော်ဩစေသည်။
ရေနံ့သာရွာ တွင်ရှိ လူကြီးလူငယ် ယောကျ်ားမိန်းမကလေးဘုစု ခရု မကျန်သိစေအပ်သည်. ရွာမြောက်ပိုင်းခြံအမှတ် သုံးဆယ် နေ အဘဦးပု အမိဒေါ်သွက် တို့၏ သား ဦးဘိုးမြ မှကြေ ငြာလိုက်သည်။
ဦးဘိုးမြ နှင့် ဒေါ်လှပို တို့မှ မွေးဖွားသော သမီးကြီး ငြိမ်းမြမြ အားယနေ့မှစ ၍ အမွေစားအမွေ ခံသမီးကြီး အဖြစ်မှ စွန့်လွှတ်လိုက် သည်။
စုံစမ်းမေးမြန်းခြင်း သည်းခံပါ ..ပုံ ဘိုးမြ ..

သမီးကြီးကို စိတ်နာကာ အဖေက ဥပေက္ခာပြုခဲ့သည်.. စိမ်းမြမြကိုလည်း ဆယ်တန်း အောင်တော့ တက္ကသိုလ် တက်ခွင့်မပြုတော့ပါ..




အဖေရဲ့ ခံစားချက်အစွဲကြီးနှင့် စိမ်းမြ ပညာဆက်သင်ခွင့်မ ရ စိမ်းမြ ကတိ အထပ်ထပ်ပေးကာ သူနာပြုသင်တန်းတက်ခွင့် ရခဲ့တာမို့ သင်တန်းပြီးဆုံးတော့ ရွာနှင့် မဝေးလှသော တိုက်နယ်ဆေးရုံလေးမှာ သူနာပြု တစ်ဦးဖြစ်ခဲ့သည်..



ရွာက ကျန်းမာရေး ဆေးခန်းမှာလည်း စိမ်းမြက ကျန်းမာရေးမှူးနှင့် အတူ ရွာသားတွေ ကျန်းမာရေးကို တာဝန်ယူ..နိုင်ခဲ့သည်..




အဖေ နှစ်နှစ်နီးပါး စွန့်ပစ်ထားခဲ့သောမမ သည် ထင်မှတ်မထားသော နေ့မှာတော့ ရွာပြန် ရောက်လာသည်။







မမက ယုံကြည်နေခဲ့သည်..ဒါပေမယ့် ကလေးမီးဖွားရင်း မီးတွင်းထဲမှာပဲ မမတိမ်း ပါးခဲ့သည်.





တောက်..
တော်လိုကတဲ့သားမက်..ငါ့သမီးကို
အိမ်ပြန်ပို့ပြီး သင်းကတော့ ရောက်
မလာဘူး.. ရွာထဲရောက်လာရင်..
ငါကိုယ်တိုင်သင်းကို သတ်မယ်ကွ..
အဖေ မီးကြိမ်းကြိမ်းကာ မမြင်ဖူးသည့် သမက်ကို
စောင့်သည်..မမရဲ့ ကလေးကိုတော့ စိမ်းမြ အမေ
တာဝန်ယူကာ ကျွေးမွေးခဲ့ရ၏..
နောက်ဆုံး အဖေနဲ့ အမေ ခမျာ မမစိတ်နှင့်ပဲ လောကကြီးကို စွန့်
သွားခဲ့ကြရသည်..
စိမ်းမြကတော့ တူလေး
ဖိုးသားနှင့် ကျန်ရစ်ခဲ့၏..
စိမ်းမြ တို့ ဖိုးသား
ဘဝလေးတည်ငြိမ်အခြေ
ကျနေ ခဲ့ကာမှ သင်းက
ဆိုင်းမဆင့် ဗုံမဆင့် ပြန်
ရောက်လာခဲ့ပြီ..


စိမ်းမြနာကျည်းမှုန်းတီးမှုတွေ ရင်ထဲမှာ ပြည့်နှက်နေ၏... ပွဲကြီးမျက်နှာကို မမြင်မတွေ့ချင်ပါ.. ဒါပေမယ့် ဖိုးသားလေး ရဲ့သံယောဇဉ်ကြောင့် စိမ်းမြစိတ်တွေ လျော့ချခဲ့ရပါသည်..
ဖိုးသားလေးကို ကျွန်မရင်ခွင်ထဲက ဆွဲထုတ်သွားခွင့်တော့မပြုနိုင်ဘူး.. ရှင် ဒါကို စာနာပေးပါ..ကိုတာရာ ရှင့်ကြောင့် ကျွန်မမိသားစု ကိုလည်း ဆုံးရှုံးခဲ့ရပြီးပါပြီ..
စိမ်းမြကိုလည်း ကျွန်တော် စာနာနားလည်ပါတယ်ဗျာ..ကျွန်တော့်သား ကိုလည်း ဒီရွာက ခေါ်မသွားချင်ပါဘူး...
ဒါဆိုရင် အခုဝင် ပြောတာပေါ့ မောင်တာရာ ဒီမှာပဲနေ ဒီရွာမှာပဲအခြေချ မယ်ဆိုရင် ဦးလေးတို့က ဝမ်းသာကြိုဆိုပါတယ်..